ငါးလုပ်ငန်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက
ကင်းလွတ်ခွင့်အမှတ် ၁၉၄/၉၅(၄) ခွင့်ပြုချက်ဖြင့် ထုတ်ဝေ၍
ပုံနှိပ်မှတ်ပုံတင်အမှတ်(၀၃၈၄၉) အမှတ်-၂၀၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့
ကြီးမပုံနှိပ်တိုက်တွင် ဒေါ်ညွန့်ဝမ်းအိက ရိုက်နှိပ်သည်။ စောင်ရေ(၁၀၀၀၀)၊ ၁၉၉၅ခုနှစ်၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF LIVESTOCK BREEDING AND FISHERIES

# နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ

# LAW RELATING TO THE FISHING RIGHTS OF FOREIGN FISHING VESSELS

1989

# နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ

# LAW RELATING TO THE FISHING RIGHTS OF FOREIGN FISHING VESSELS

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ

[နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၈၉]

၁၃၅၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၁၉၈၉ ခုနှစ်၊ ဧပြီလ ၂ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသောအောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **ဝန်ကြီး** ဆိုသည်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနကို ဆိုသည်၊

## THE STATE LAW AND ORDER RESTORATION COUNCIL

## Law relating to the Fishing Rights of Foreign Fishing Vessels

(The State Law and Order Restoration Council Law No. 11/89)

12th Waning Day of Tabaung, 1350 B.E.

*2nd April*, 1989.

The State Law and Order Restoration Council hereby enacts the following Law:—

### Chapter I

### Title and Definition

1. This Law shall be called the Law relating to the Fishing Rights of Foreign Fishing Vessels.

2. The following expressions contained in this Law shall have the meanings given hereunder:—

(a) *Minister* means the Minister for the Ministry of Livestock Breeding and Fisheries;

(b) *Ministry* means the Ministry of Livestock Breeding and Fisheries;

(ဂ) **ဦးစီးဌာန** ဆိုသည်မှာ ငါးလုပ်ငန်း ဦးစီးဌာနကို ဆိုသည်၊

(ဃ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(င) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာန၏ ပြည်နယ်/တိုင်း သို့မဟုတ် မြို့နယ်စု သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ဝန်ထမ်းတစ်ဦးဦးကို လည်းကောင်း၊ ဝန်ကြီးဌာနက အခါအားလျော်စွာ စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း ဆိုသည်၊

(စ) **အခြေခံမျဉ်းများ** ဆိုသည်မှာ ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်၊

(ဆ) **မြန်မာနိုင်ငံ၏ပိုင်နက်ပင်လယ်** ဆိုသည်မှာ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် တစ်ဆယ့်နှစ်မိုင်အထိ ကျယ်ဝန်းသော ရေပြင်နယ်နိမိတ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ရေပြင်အောက်ရှိ ပင်လယ်ကြမ်းပြင် အောက်ခံမြေတို့နှင့် ယင်းရေပြင်အထက်ရှိ လေထုလည်း ပါဝင်သည်၊

(ဇ) **သီးသန့်စီးပွားရေးဇုန်** ဆိုသည်မှာ မြန်မာနိုင်ငံ၏ပိုင်နက် ပင်လယ်ပြင်ပတွင် တည်ရှိပြီး ယင်းပိုင်နက် ပင်လယ်ပြင်နှင့် တစ်ဆက်တည်းဖြစ်၍ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ မျဉ်းမတ်အနေအထားဖြင့် ရေမိုင်နှစ်ရာအထိကျယ်ဝန်းသော ရေပြင်နယ်နိမိတ်ကို ဆိုသည်၊

(c) *Department* means the Department of Fisheries;

(d) *Director-General* means the Director-General of the Department of Fisheries;

(e) *Inspector* means State/Division, Zone, and Township Officer-in-charge of the Department, any officer of the Department assigned the duties of an Inspector by the Director-General, and any individual assigned the duties of an Inspector by the Ministry from time to time;

(f) *Baselines* shall be as defined in the Territorial Sea and Maritime Zone Law;

(g) *Territorial Sea of Myanmar* means the maritime boundary which extends seawards to a distance of twelve nautical miles from the baselines. This expression includes the sea bed and sub-soil under the said territorial sea and to the air space over it;

(h) *Exclusive Economic Zone* means the maritime boundary beyond and adjacent to the territorial sea and which extends seawards to a distance of two hundred nautical miles from the baselines;

(ဈ) မြန်မာနိုင်ငံ ငါးလုပ်ကန်းရေပြင် ဆိုသည်မှာ မြန်မာနိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်၊ ပိုင်နက်ပင်လယ်၊ ပင်လယ်ကမ်းဝေး၊ ပင်လယ်ကမ်းနီး၊ ကုန်းတွင်းဒေသရှိ ရေချိုရေငန်စပ်နှင့် ရေချိုရေပြင်အားလုံးကို ဆိုသည်၊

(ည) ငါးဖမ်းရေယာဉ် ဆိုသည်မှာ ငါးဖမ်းသည့် ရေယာဉ်များနှင့် ယင်းတို့ကို အထောက်အကူပြုသော ယာဉ်များကို ဆိုသည်၊

(ဋ) နိုင်ငံခြားငါးဖမ်းရေယာဉ် ဆိုသည်မှာ နိုင်ငံခြားသားပိုင်ဖြစ်ပြီး နိုင်ငံခြားတိုင်းပြည် တစ်ခုခုတွင် မှတ်ပုံတင်ထားသော ရေယာဉ်ကို ဆိုသည်၊

(ဌ) ရေယာဉ်မှူး ဆိုသည်မှာ နိုင်ငံခြားငါးဖမ်း ရေယာဉ်ကို အမြဲတမ်းဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ ကြီးကြပ်အုပ်ချုပ်ရသူ ဦးစီးရသူ သို့မဟုတ် ထိန်းသိမ်းရသူကို ဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပြ မပါဝင်၊

(ဍ) ပုဂ္ဂိုလ် ဆိုသည်မှာ ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်း တစ်ခုခု၊ လူတစ်စု သို့မဟုတ် လူတစ်ဦးဦးကို ဆိုသည်၊

(ဎ) လုပ်ငန်းရှင် ဆိုသည်မှာ ဤဥပဒေအရ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းရှင်၏ ကိုယ်စားလှယ်လည်း ပါဝင်သည်၊

(ဏ) ငါး ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်းကောင်း၊ ဘဝ အစိတ်အပိုင်းတွင် တစ်ပိုင်းသော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင်ရေတွင် ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်၊



(*i*) *Myanmar Fisheries Waters* means the exclusive economic zone, territorial sea, offshore, inshore and all inland brackish waters and fresh waters;

(*j*) *Fishing Vessel* means vessel engaged in fishing and craft in support of the same;

(*k*) *Foreign Fishing Vessel* means a vessel belonging to a foreigner and which is registered in any foreign country;

(*l*) *Master* means a person who controls and takes charge of a foreign fishing vessel either permanently or temporarily. This expression does not include a pilot;

(*m*) *Person* means a company, an association, an organization, a body of individuals or an individual;

(*n*) *Entrepreneur* means a person who has obtained permission to operate a fishery under this Law. This expression also includes the agent of the entrepreneur;

(*o*) *Fish* means all aquatic organisms living the whole of or a part of their life cycles in the water and their eggs, larvae, frys and seeds. This expression also includes aquatic plants, their seedlings and seeds;

(တ) ငါးလုပ်ငန်း ဆိုသည်မှာ ငါးနှင့် စပ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ် လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းစသည့် လုပ်ငန်းများလည်း ပါဝင်သည်၊

(ထ) ငါးဖမ်းခြင်း ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း လုပ်ငန်းများအတွက် အထောက်အကူပြု လုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်း ပါဝင်သည်၊

(ဒ) ငါးဖမ်းကိရိယာ ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသော ပစ္စည်းကိရိယာကို ဆိုသည်၊

(ဓ) ပြုပြင်မွမ်းမံခြင်း ဆိုသည်မှာ ငါးအားတစ်နည်းနည်းဖြင့် ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးမှ စားသုံးကုန် ပစ္စည်းထုတ်လုပ်ခြင်းလည်း ပါဝင်သည်၊

(န) လိုင်စင်ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသော နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ကို ဆိုသည်၊

(ပ) လိုင်စင်ခ ဆိုသည်မှာ ငါးဖမ်းကိရိယာအတွက် ပေးဆောင်ရန်အခ၊ ရေယာဉ်အတွက်ပေးဆောင်ရန် အခနှင့် အကယ်၍ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါ ချထားချင်



(*p*) *Fishery* means carrying out operations relating to fish for the purpose of systematic management, commercial production, conservation and for development. This expression also includes operations such as fishing, aquaculturing, exploration, research, stocking, propagation, processing, transporting, storing and marketing;

(*q*) *Fishing* means catching, collecting, attracting, pursuing, stupefying and killing of fish. This expression also includes works in support of and preparatory to fishing operations;

(*r*) *Fishing Implement* means things and equipment used in fishing;

(*s*) *Processing* means the processing and preparation of fish by any method. This expression also includes the production of foodstuff and commodity from fish;

(*t*) *Licence* means a licence issued by the Department, granting a fishery to foreign fishing vessel;

(*u*) *Licence Fee* means the fee payable for the fishing vessel and for fishing implement; and in the event tenders are floated for alloted fishing areas;

ပေးဆောင်ရမည့် တင်ဒါကြေး အပါအဝင် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ပေးဆောင်ရမည့် အခွန်အခများကို ဆိုသည်၊

(ဃ) ငါးစိုခွန် ဆိုသည်မှာ ဖမ်းယူခွင့်ပြုသော ငါးပမာဏနှင့် အမျိုးအစား သို့မဟုတ် ဖမ်းယူရရှိပြီးသော ငါးပမာဏနှင့် အမျိုးအစား အလိုက် သတ်မှတ် သည့်အတိုင်း ပေးဆောင်ရမည့် အခွန်ကို ဆိုသည်။

## အခန်း (၂)

## အခွန်အခများ ပေးဆောင်ခြင်း

၃။ ဦးစီးဌာနသည် ငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုင်စင်သက်တမ်း၊ မှတ်ပုံတင်သက်တမ်း၊ လိုင်စင်ခ၊ ငါးစိုခွန်၊ အာမခံကြေး၊ မှတ်ပုံတင်ကြေး နှင့် ရက်လွန်ကြေးတို့ကို သတ်မှတ်ပေးရမည်။

၄။ ဦးစီးဌာနသည် အောက်ပါ အခွန်အခများ ပေးဆောင်ခြင်းနှင့် စပ်လျဉ်း၍ နည်းလမ်းသတ်မှတ်ပေးရမည် —

(က) လိုင်စင်ခ၊

(ခ) ငါးစိုခွန်၊

(ဂ) အာမခံကြေး၊

(ဃ) မှတ်ပုံတင်ကြေး၊

(င) ရက်လွန်ကြေး။

၅။ ဦးစီးဌာနက လိုအပ်ချက်အရ လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ကို ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်းပြုပါက လုပ်ငန်းရှင်က ပေးဆောင်ထားသော



the fee and duties for fishing rights inclusive of tender fees;

(v) *Fresh Fish Duty* means the duty payable as determined according to the quantity and species permitted to catch or to the quantity and species of the catch already made.

## CHAPTER II

## Payment of Duties and Fees

3. The Department shall, in connection with the fishery prescribe the term of the licence, term of the registration, licence fee, fresh fish duty, security deposit, registration fee and late fee.

4. The Department shall prescribe the mode of payment of the following duties and fees:—

(*a*) Licence fee;

(*b*) fresh fish duty;

(*c*) security deposit;

(*d*) registration fee;

(*e*) late fee.

5. In the event of revocation or cessation of a licence before the expiry of its term at the option of the Department, the Department shall return the refundable

လိုင်စင်ခနှင့် ငါးစိုခွန်ငွေများအနက် ပြန်အမ်းငွေကို ဦးစီးဌာနက သတ်မှတ်၍ ပြန်လည် ထုတ်ပေးရမည်။ ထို့ပြင် လုပ်ငန်းရှင်က ပြန်လည် ရရန်ရှိသော အာမခံကြေးကိုလည်း ထုတ်ပေးရမည်။

အခန်း (၃)

## လုပ်ငန်းရှင်၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၆။ ပြည်ပနေ ပုဂ္ဂိုလ် တစ်ဦးဦးက ဖြစ်စေ၊ ယင်း၏ ကိုယ်စားလှယ်က ဖြစ်စေ မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ်ပြင်ပရှိ သီးသန့် စီးပွားရေးဇုန်တွင် ငါးလုပ်ငန်း လုပ်ကိုင်လိုလျှင် ဦးစီးဌာနသို့ သတ်မှတ် ထားသည့် လျှောက်လွှာပုံစံဖြင့် လျှောက်ထား ရမည်။ သို့ရာတွင် ထူးခြားသော အကြောင်းရှိပါက အခြားငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားနိုင်သည်။

၇။ ပုဒ်မ ၆ အရ လျှောက်ထားပြီးနောက် ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသော လုပ်ငန်းရှင်သည် ဦးစီးဌာနတွင် လိုင်စင်ရယူခြင်းနှင့် မှတ်ပုံတင်ခြင်း ပြုရမည်။

၈။ လုပ်ငန်းရှင်၏ တာဝန်များသည် အောက်ပါအတိုင်း ဖြစ်သည်—

(က) ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ ငါးစိုခွန်၊ အာမခံကြေး၊ မှတ်ပုံတင်ကြေး၊ ရက်လွန်ကြေး၊ အခြား ပေးဆောင်ရန်ရှိသော ငွေများနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရန်၊

(ခ) ဦးစီးဌာနက သတ်မှတ် ထားသော စည်းမျဉ်း စည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရန်၊



amount out of the licence fee and fresh fish duty paid by the entrepreneur as determined by the Department. In addition, security deposit which is to be refunded to the entrepreneur shall also be disbursed.

CHAPTER III

## Duties and Rights of an Entrepreneur

6. If any person residing abroad or his agent desires to engage in a fishery in the exclusive economic zone beyond the territorial sea of Myanmar, he shall apply to the Department in the prescribed form. Provided that in exceptional circumstances, he may apply for permission to operate a fishery in other fisheries waters.

7. An entrepreneur who has been granted a fishery on application under section 6 shall obtain a licence and register at the Department.

8. The duties of an entrepreneur are as follows:—

(*a*) to pay, in the prescribed foreign currency the licence fee, fresh fish duty, security deposit, registration fee, late fee, other payments due and other charges;

(*b*) to comply with the regulations, bye-laws and directives prescribed by the Department;

(ဂ) ငါးလုပ်ငန်း သုတေသနများကို မြန်မာနိုင်ငံ ငါးလုပ်ငန်းရေပြင်တွင် ဆောင်ရွက်လိုလျှင် ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက် ရယူရန်၊

(ဃ) နိုင်ငံခြား ငါးဖမ်းရေယာဉ်ပေါ်တွင် ဦးစီးဌာနက သုတေသနပြုရန် တာဝန် ပေးအပ်ခြင်း ခံရသူများ၊ လေ့လာသူများ၊ သင်တန်းသားများနှင့် ပတ်သက်၍ လိုအပ်သည်များကို အခမဲ့ ဆောင်ရွက်ပေးရန်၊

(င) နိုင်ငံခြား ငါးဖမ်းရေယာဉ်တွင် နိုင်ငံသား ရေလုပ်သားနှင့် ရေယာဉ် အမှုထမ်း များကို ခန့်ထားပါက ယင်းတို့၏ အမည်စာရင်းကို ဦးစီးဌာနသို့ တင်ပြရန်၊

(စ) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန်။

၉။ လုပ်ငန်းရှင်၏ ဆောင်ရွက်နိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည် —

(က) လုပ်ငန်းအတွက် တာဝန်ယူဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ် ခန့်ထားနိုင်ခွင့်၊

(ခ) ထူးခြားသော အကြောင်းရှိပါက အခြားငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်းလုပ်ကိုင်လိုလျှင် ညွှန်ကြားရေးမှူးချုပ်ထံမှ အထူးခွင့်ပြုချက် တောင်းခံနိုင်ခွင့်၊

(ဂ) ပြည်တွင်းတွင် ငါးလုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းနှင့် ကိရိယာတန်ဆာပလာများကို ဝယ်ယူလိုလျှင် ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက် တောင်းခံနိုင်ခွင့်၊

(ဃ) ပြည်တွင်းတွင် ငါးများကိုတင်ခြင်း၊ ချခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် လွှဲပြောင်းခြင်းတို့အတွက် ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက် တောင်းခံနိုင်ခွင့်၊



(*c*) to obtain the permission of the Director-General if he desires to conduct research relating to fishery in Myanmar fisheries waters;

(*d*) to provide necessary services free of charge to persons who have been assigned the duty of conducting research on a foreign fishing vessel by the Department, and to observers and trainees;

(*e*) to submit to the Department a list of the names of the fishermen and crew who are Myanmar citizens if they have been appointed on a foreign fishing vessel;

(*f*) to abide by the existing laws of Myanmar.

9. The rights of an entrepreneur are as follows:—

(*a*) the right to appoint agent who is capable of taking charge of the fishery;

(*b*) in exceptional circumstances, the right to apply for special permission of the Director-General if desirous of operating a fishery in other Myanmar fisheries waters;

(*c*) the right to apply for permission of the Director-General if desirous of purchasing within the country articles and equipments relating to the fishery;

(*d*) the right to apply for permission of the Director-General for loading, unloading, processing and transferring the fish within the country;

(င) ပြည်တွင်းဆိပ်ကမ်းတစ်ခုခုတွင် နိုင်ငံခြားငါးဖမ်းရေယာဉ်အား ပြင်ဆင်နိုင်ခွင့်၊

(စ) ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ဝန်ကြီးထံ အယူခံနိုင်ခွင့်။

## အခန်း (၄)

## ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၆ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်ပြီးနောက် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် လိုင်စင်ထုတ်ပေးနိုင်သည် —

(က) သတ်မှတ်သည့် လျှောက်လွှာပုံစံ၌ ပြည့်စုံစွာ ဖြည့်စွက်ရေးသွင်းပြီးဖြစ်ခြင်း၊

(ခ) လိုင်စင်တွင် သတ်မှတ်သည့် စည်းကမ်းချက်များကို လျှောက်ထားသူက လက်ခံပြီးဖြစ်ခြင်း၊

(ဂ) ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ ငါးစိုခွန်၊ အာမခံကြေး၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးသွင်းပြီးဖြစ်ခြင်း။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် —

(က) လုပ်ငန်းရှင်တစ်ဦးချင်း လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းပမာဏကို သတ်မှတ်နိုင်သည်၊

(ခ) စည်းကမ်းချက်များကို လိုင်စင်ထုတ်ပေးရာတွင် တစ်ပါတည်း သတ်မှတ်ပေးရမည်။



(*e*) the right to repair a foreign fishing vessel at any internal port;

(*f*) the right to appeal to the Minister against the decision or order of the Director-General.

## CHAPTER IV

## Duties and Powers of the Director-General

10. The Director-General may, after scrutiny of the application submitted under section 6, issue a licence if it is in conformity with the following particulars:—

(*a*) entries in the prescribed form shall have been completed;

(*b*) the applicant shall have accepted the conditions stipulated in the licence;

(*c*) the licence fee, fresh fish duty, security deposit, registration fee, payable and other charges due shall have been paid in the foreign currency stipulated.

11. The Director-General:—

(*a*) may determine the volume of business which each entrepreneur is entitled to operate;

(*b*) shall stipulate the conditions at the time of the issue of the licence.

၁၂။ လိုင်စင်တွင် သတ်မှတ်ထားသည့် စည်းကမ်း ချက်များနှင့် စပ်လျဉ်း၍ ပြင်ဆင်ရန်လိုအပ်ပါက ညွှန်ကြားရေးမှူးချုပ်သည် လုပ်ငန်းရှင်နှင့်ညှိနှိုင်း၍ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၃။ လိုင်စင်တွင် သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ညွှန်ကြားရေးမှူးချုပ်သည် ယင်းလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၄။ နိုင်ငံတော်၏အကျိုးငှာ လိုအပ်ပါက ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် မည်သည့်လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၅။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါ ကိစ္စရပ်များအတွက် လုပ်ငန်းရှင်က လျှောက်ထားလာလျှင် စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးနိုင်သည်—

(က) ပြည်တွင်းတွင် ငါးလုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းနှင့် ကိရိယာ တန်ဆာပလာများကို ဝယ်ယူခြင်း၊

(ခ) ပြည်တွင်းတွင် ငါးများကို တင်ခြင်း၊ ချခြင်း၊ ပြုပြင် မွမ်းမံခြင်းနှင့် လွှဲပြောင်းခြင်း၊

(ဂ) ထူးခြားသော အကြောင်းရှိပါက အခြားငါးလုပ်ငန်း ရေပြင်တွင် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်း။

၁၆။ တည်ဆဲ ဥပဒေများတွင် မည်သို့ပင် ပြဋ္ဌာန်း ထားစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် —

(က) နိုင်ငံခြား ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ အခြားပစ္စည်းများနှင့်ငွေများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်း၊

12. Should amendment be required in connection with the condition stipulated in the licence, the Director-General may, in consultation with the entrepreneur amend the same.

13. Should a breach of any condition stipulated in the licence occur, the Director-General may suspend, revoke, terminate or cancel the licence.

14. Should it be necessary in the interest of the State the Director-General may, with the approval of the Minister suspend, revoke, terminate or cancel any licence.

15. Where an entrepreneur applies for the following matters, the Director-General may, after scrutiny, grant permission :—

(a) purchasing within the country articles and equipment relating to the fishery;

(b) loading, unloading, processing and transferring the fish within the country;

(c) in exceptional circumstances, granting a fishery in other Myanmar fisheries waters.

16. Notwithstanding anything contained in the existing laws, the Director-General may, in any case where action is taken for contravening any of the provisions of this Law act as follows :—

(a) confiscation, disposal and administering as may be deemed necessary of the foreign fishing vessel, fishing implements, fishes and other articles and moneys;

(ခ) နိုင်ငံခြား ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို လုပ်ငန်းရှင် သို့မဟုတ် ပိုင်ရှင်အား လုံလောက်သော ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း၊ ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) နိုင်ငံခြား ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ လုပ်ငန်းရှင် သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ်တွင်အပ်ငွေအဖြစ် ပေးသွင်းစေခြင်း။

၁၇။ လိုင်စင် ပျက်စီး ပျောက်ဆုံးသွားသည့်ကိစ္စတွင် လုပ်ငန်းရှင်က လိုင်စင်မိတ္တူရလိုကြောင်း လျှောက်ထားသည့်အခါ ညွှန်ကြားရေးမှူးချုပ်က စိစစ်၍ သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းစေပြီးလိုင်စင်မိတ္တူထုတ်ပေးနိုင်သည်။

၁၈။ လိုင်စင်ထုတ်ပေးသည့်နေ့မှ ၃ လပြည့်မြောက်သော်လည်း ခိုင်လုံသောအကြောင်းမရှိဘဲ ငါးလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်းမပြုပါက ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် —

(က) လိုင်စင်အား ပြန်လည်ရုပ်သိမ်းခြင်း၊

(ခ) ရုပ်သိမ်းထားသည့် လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် လုပ်ငန်းရှင်က လျှောက်ထားလာလျှင် စိစစ်၍ ထုတ်ပေးသင့်က ထုတ်ပေးခြင်း။

၁၉။ လုပ်ငန်းရှင်သည် မိမိအား ထုတ်ပေးထားသော လိုင်စင်ကို အခြားသူ တစ်ဦး တစ်ယောက်အား လွှဲပြောင်းခြင်း ပြုလုပ်ပါက ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် —

(က) အာမခံကြေးကို သိမ်းယူခြင်း၊

(ခ) လိုင်စင်ကို ရုပ်သိမ်းခြင်း၊

(ဂ) လုပ်ငန်းရှင်အား အမည်ပျက်စာရင်း၌ရေးသွင်းထားခြင်း။



(*b*) returning to the entrepreneur or the owner, on furnishing sufficient security, the foreign fishing vessel and fishing implements and permitting the resumption of the fishery;

(*c*) allowing the entrepreneur or the owner to redeem the foreign fishing vessel and fishing mplements on payment of proper penalty ;

(*d*) causing the proceeds of the sale and penalties to be deposited in the bank.

17. Where an entrepreneur applies for a copy of the licence where the licence is destroyed or lost the Director-General may, after scrutiny cause the prescribed fee to be paid and issue a copy of the licence.

18. If the fishery is not commenced even after the completion of 3 months from the date of issue of the licence, the Director-General may take the following measures:—

(*a*) revocation of the licence ;

(*b*) when an entrepreneur applies for the re-issue of a licence which has been revoked re-issue the licence if it is appropriate so to do, after scrutiny.

19. Where an entrepreneur transfers to any other person the licence which has been issued to him, the Director-General may take the following measure :—

(*a*) forfeiture of the security deposits ;

(*b*) revocation of the licence ;

(*c*) entering the entrepreneur's name in the black list.

၂၀။ သီးသန့်စီးပွားရေးဇုန်မှအပ အခြားသော ငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်း သုတေသနများကို ဆောင်ရွက် လိုကြောင်း လုပ်ငန်းရှင် သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးက လျှောက်ထားလာလျှင် ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၂၁။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို လုပ်ငန်းရှင် သို့မဟုတ် ပိုင်ရှင်ထံသို့ ပေးပို့ရမည်။

## အခန်း (၅)

## စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ စစ်ဆေးရေးမှူးသည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည် —

(က) မိမိတာဝန်ခံရသည့် ငါးလုပ်ငန်းရေပြင်အတွင်း၌ ဖြစ်စေ၊ ဝန်ကြီး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်၏ သီးခြား တာဝန်ပေးအပ်ချက်အရ မြန်မာနိုင်ငံ ငါးလုပ်ငန်းရေပြင် အတွင်းရှိ မည်သည့်နေရာ၌ဖြစ်စေ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများ၊ ငါးများနှင့် ငါးလုပ်ငန်းများကို စစ်ဆေးခြင်း၊

(ခ) မြန်မာနိုင်ငံ ငါးလုပ်ငန်းရေပြင်အတွင်းတွင် မည်သည့် ငါးဖမ်းရေယာဉ်ကိုမဆို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ လိုက်ပါခြင်း၊ စစ်ဆေးခြင်းနှင့် ရှာဖွေခြင်း၊



**20.** Where an entrepreneur or a person applies to conduct research in Myanmar fisheries waters other than the exclusive economic zone, the Director-General may, with the approval of the Minister grant permission to do so.

**21.** The decision or order of the Director-General shall be sent to the entrepreneur or to the owner.

## CHAPTER V

## Duties and Powers of the Inspector

**22.** In conformity with the conditions laid down in the procedure, the inspector shall carry out the followings :—

(*a*) inspecting fishing vessel and fishing implements, fishes, and fishery, within the area, assigned to him or any where within the Myanmar fisheries waters specifically assigned by the Minister or the Director-General ;

(*b*) stopping, boarding, accompanying, inspecting and searching any fishing vessel in the Myanmar fisheries waters without a warrent ;

(ဂ) နိုင်ငံခြား ငါးဖမ်း ရေယာဉ်ပေါ်တွင် ထားရှိရမည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ မှတ်တမ်းများနှင့် အခြား စာရွက် စာတမ်းများအား တောင်းယူ စစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဃ) ရေယာဉ်မှူး၊ ရေယာဉ်အမှုထမ်းနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ ညွှန်ကြားခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သော နိုင်ငံခြားငါးဖမ်းရေယာဉ်နှင့်တကွ တွေ့ရှိသော ပစ္စည်းများကို သိမ်းဆည်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သူကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(ဆ) ငါးဖမ်းရာတွင် သုံးစွဲခွင့်မရှိသော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများနှင့် အခြားပစ္စည်းများအား သိမ်းဆည်းခြင်း၊

(ဇ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သော နိုင်ငံခြား ငါးဖမ်းရေယာဉ်ကို အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ လိုက်လံဖမ်းဆီး၍ မြန်မာနိုင်ငံ ငါးလုပ်ငန်း ရေပြင်အတွင်းသို့ ခေါ်ယူလာခြင်း၊

(ဈ) ငါးနှင့်အခြား လျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရမိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းရငွေကို ဘဏ်အပ်ငွေ အဖြစ် ပေးသွင်းခြင်း၊

(ည) ငါးလုပ်ငန်းနှင့် ပတ်သက်၍ ဝန်ကြီးက ဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်က ဖြစ်စေ သီးခြားပေးအပ်သော တာဝန်ကို ဆောင်ရွက်ခြင်း။



(*c*) demanding, examining and copying the licence, registration certificate, ship log-book and other papers which are kept on the foreign fishing vessel ;

(*d*) interrogating, directing the Master, crew and fishermen as required ;

(*e*) seizing and taking action, in accordance with the procedure of any fishing vessel and materials found therein for contravening any provisions of this Law ;

(*f*) arresting and prosecuting any person who contravenes any provisions of this Law ;

(*g*) seizing any explosive, poison, chemical and other things which are not permitted to be used in fishing ;

(*h*) bringing back into the Myanmar fisheries waters after pursuing and seizing in accordance with the International Law the foreign fishing vessel which contravenes any provisions of this Law ;

(*i*) depositing in the Bank the proceeds of the sale conducted in accordance with prescribed procedures of fish and other material things which are subject to speedy decay ;

(*j*) other duties in connection with fishery, specially assigned by the Minister or the Director-General.

## အခန်း (၆)

### ရေယာဉ်မှူး၏ တာဝန်များ

၂၃။ နိုင်ငံခြား ငါးဖမ်းရေယာဉ်၏ ရေယာဉ်မှူးသည်—

(က) လိုင်စင်ပါ စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို လိုက်နာရမည်၊

(ခ) လိုင်စင်နှင့် မှတ်ပုံတင် လက်မှတ်တို့ကို ရေယာဉ်၏ဘီးခန်းတွင် ထင်ရှားစွာ ချိတ်ဆွဲထားရမည်၊

(ဂ) ဦးစီးဌာနက သတ်မှတ်ပေးထားသည့်အတိုင်း ပြုစုထားရှိရမည့် ရေယာဉ်မှတ်တမ်းနှင့် ငါးဖမ်း မှတ်တမ်းတို့ကို ထိန်းသိမ်း ထားရှိရမည်၊

(ဃ) ခွင့်ပြုချက် သို့မဟုတ် လိုင်စင်ရရှိပြီးဖြစ်သော နိုင်ငံခြား ငါးဖမ်းရေယာဉ်သည် မြန်မာနိုင်ငံ ငါးလုပ်ငန်း ရေပြင်အတွင်းသို့ ဝင်ရောက်မည်ဆိုပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကြိုတင်၍ ရေယာဉ်နှင့် ပတ်သက်သည့် အချက်အလက်များ၊ ရေယာဉ် ဝင်ရောက်မည့် လမ်းကြောင်း၊ နေ့ရက်နှင့် အချိန်၊ သယ်ဆောင်လာသည့် ပစ္စည်းနှင့် ငါးဖမ်းကိရိယာများ၊ ရေယာဉ်ပါ လူဦးရေစာရင်းတို့ကို ဦးစီးဌာနသို့ အကြောင်းကြားရမည်၊

(င) မြန်မာနိုင်ငံ ငါးလုပ်ငန်း ရေပြင်အတွင်းသို့ ဝင်ရောက်ပါက ယင်းနိုင်ငံခြား ငါးဖမ်းရေယာဉ်သည် စစ်ဆေးခံရန် သတ်မှတ်သည့်နေရာ သို့မဟုတ် သတ်မှတ်သည့် ဆိပ်ကမ်းသို့ တိုက်ရိုက်သွားရောက်ရမည်၊



## CHAPTER VI

### Duties of the Master

23. Master of the foreign fishing vessel:—

(a) shall abide by the terms and conditions attached to the licence ;

(b) shall hang the licence and registration certificate prominently at the wheel house of the vessel ;

(c) shall maintain ship log-book and fishing data book as prescribed by the Department ;

(d) shall report to the Department within the given time, all the particulars relating to the vessel, the route by which the vessel will be entering, arrival day and time, goods and commodities on board the vessel, fishing gear, list of persons on board the vessel of any foreign fishing vessel which has received the permit or the licence enters the Myanmar fisheries waters ;

(e) shall directly proceed to the port or place as specified for inspection of the vessel if any foreign fishing vessel enters the Myanmar fisheries waters;

(စ) မြန်မာနိုင်ငံ ငါးလုပ်ငန်းရေပြင်အတွင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံနှင့် နိုင်ငံခြား ငါးဖမ်းရေယာဉ် မှတ်ပုံတင် ထားသည့် နိုင်ငံ၏ အလံတို့ကို ရေယာဉ်၌ လွှင့်ထူထားရမည်၊

(ဆ) မြန်မာနိုင်ငံ ငါးလုပ်ငန်း ရေပြင်မှ နိုင်ငံခြား ငါးဖမ်း ရေယာဉ် ထွက်ခွာသည့် အခါတိုင်း စစ်ဆေးခံရန် သတ်မှတ်သည့်နေရာ သို့မဟုတ် သတ်မှတ်သည့်ဆိပ်ကမ်းသို့ သွားရောက်၍ စစ်ဆေးခြင်း ခံယူရမည်။ စစ်ဆေးမှုများ ပြုလုပ် ပြီးပါက ငါးဖမ်းခြင်း မပြုဘဲ မြန်မာနိုင်ငံ ငါးလုပ်ငန်း ရေပြင်မှ ဦးစီးဌာနက ညွှန်ကြားသည့် အတိုင်း ထွက်ခွာသွားရမည်။

၂၄။ ရေယာဉ်မှူးသည် မိမိ၏ရေယာဉ်ပေါ်တွင် လိုက်ပါလာကြသော စစ်ဆေးရေးမှူး၊ သုတေသနပြုသူများ၊ လေ့လာသူများနှင့် သင်တန်းသားများ၏ အန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၇)

## လိုင်စင်ပျက်ပြယ်ခြင်း

၂၅။ အောက်ပါ အကြောင်း တစ်ရပ်ရပ် ပေါ်ပေါက် သည့်အခါ လိုင်စင်ပျက်ပြယ်သည်—

(က) လိုင်စင်သက်တမ်း ကုန်ဆုံးခြင်း၊

(ခ) လိုင်စင်ရုပ်သိမ်း ခံရခြင်း၊

(ဂ) လုပ်ငန်းရှင်က မိမိလုပ်ငန်းကို ဆက်လက် မလုပ်ကိုင်လို၍ လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။



(*f*) shallhoist the flag of the Union of Myanmar and the flag of the country, in which the foreign fishing vessel is registered, when it is in the Myanmar fisheries waters;

(*g*) shall proceed to the port or place as specified, to be inspected whenever the foreign fishing vessel leaves the Myanmar fisheries waters. After completion of the inspection, shall leave the Myanmar fisheries waters, without fishing, as directed by the Department.

24. The Master shall take responsibility for the safety of inspectors, researchers, observers and trainees who are on board the vessel.

## Chapter VII

## Invalidity of Licence

25. The licence shall become invalid on occurrence of one of the followings :—

(*a*) on the expiration of the licence period ;

(*b*) on the licence being revoked ;

(*c*) on the surrender of the licence on his discontinuing the fishery of his own accord.

၂၆။ ရေယာဉ်မှူးသည် ပုဒ်မ ၂၅ အရ ပျက်ပြယ်သော လိုင်စင်ကို ဦးစီးဌာန၏ ပြည်နယ်/တိုင်း သို့မဟုတ် မြို့နယ်စု သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးထံ (၁၅) ရက်အတွင်း ပြန်လည်အပ်နှံရမည်။

၂၇။ လုပ်ငန်းရှင်သည် လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ဦးစီးဌာနက စစ်ဆေးတွေ့ရှိလျှင် ယင်းလိုင်စင်အား ပျက်ပြယ်သည်ဟု မှတ်ယူနိုင်သည်။

## အခန်း (၈)

## အယူခံခြင်း

၂၈။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ဖြစ်စေ၊ အမိန့်ကို ဖြစ်စေ မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက် (၃၀) အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၂၉။ ဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ဖြစ်စေ၊ အမိန့်ကိုဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုလုပ်နိုင်သည်။

၃၀။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၉)

## တားမြစ်ချက်များ

၃၁။ မည်သည့် နိုင်ငံခြား ငါးဖမ်းရေယာဉ်မဆို ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မရရှိဘဲ မြန်မာနိုင်ငံ ငါးလုပ်ငန်း ရေပြင်အတွင်းသို့ ဝင်ရောက်၍ ငါးလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။



26. Any licence, invalidated under section 25, shall be surrendered by the master to the officer-in-charge of the Fisheries Department of the State/Division, Zone or Township within fifteen days.

27. If the Department finds after due investigation that the entrepreneur has abandoned his business, then his licence shall be deemed to have become invalidated.

## Chapter VIII

## Appeals

28. Any person dissatisfied by the decision or order of the Director-General may appeal to the Minister within thirty day of the receipt of such decision or order.

29. Minister may confirm, set aside or alter the decision or order of the Director-General.

30. The decision of the Minister shall be final.

## Chapter IX

## Prohibitions

31. No foreign fishing vessel shall without a permit or a licence, enter the Myanmar fisheries waters engaging in the fishery.

၃၂။ မည်သည့်နိုင်ငံခြား ငါးဖမ်းရေယာဉ်မဆို ခွင့်ပြုချက် မရရှိဘဲ အောက်ပါတို့ကို လုပ်ကိုင်ခြင်း မပြုရ—

(က) ပြည်တွင်းတွင် ငါးနှင့်ငါးဖမ်းကိရိယာတို့အား တင်ခြင်း၊ ချခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ လွှဲပြောင်းခြင်း၊

(ခ) ဖမ်းဆီးခြင်း မပြုရဟု ဦးစီးဌာနက တားမြစ်ထားသော ငါးများကို နှောင့်ယှက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ဆောင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ လွှဲပြောင်းခြင်း၊

(ဂ) ငါးဖမ်းရာတွင် သုံးစွဲခွင့် မရှိသော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများနှင့် အခြားပစ္စည်းများကို ငါးဖမ်းရေယာဉ်ပေါ်တွင် လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်း။

၃၃။ ရေယာဉ်မှူးသည် လိုင်စင်တွင် ခွင့်ပြုထားခြင်းမရှိသော—

(က) ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းခြင်းမပြုရ၊

(ခ) ငါးဖမ်းကိရိယာကို သုံးစွဲခြင်းမပြုရ၊

(ဂ) အချိန်နှင့်ကာလတွင် ငါးဖမ်းခြင်းမပြုရ၊

(ဃ) ငါးအမျိုးအစားများအား ဖမ်းခြင်းမပြုရ။

၃၄။ ရေယာဉ်မှူးသည် ပုဒ်မ ၂၃ သို့မဟုတ် ၂၄ ပါ တာဝန်တစ်ရပ်ရပ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၅။ မည်သူမျှ တာဝန်ထမ်းဆောင်ရွက်နေသော စစ်ဆေးရေးမှူးအား နှောင့်ယှက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း သို့မဟုတ် နာကျင်စေခြင်းမပြုရ။



32. No foreign fishing vessel shall without a permit to engage in any of the following:—

(a) loading, unloading, processing, and transferring of fish and fishing implements within the country;

(b) harassing, catching, killing, storing, transporting, processing, and transferring of fishes which the Department has prohibited;

(c) keeping on board the fishing vessel, explosive substances, poisons, chemicals and other substances not permitted for use in fishing.

33. The Master shall not:—

(a) fish in the fishing grounds;

(b) use fishing implements;

(c) fish in the fishing period;

(d) fish specific types of fishes;
not permitted in the licence.

34. The Master shall not fail to comply with any duty prescribed in section 23 or 24.

35. No person shall harass, assault, or hurt the Inspector while discharging his duties.

၃၆။ မည်သူမျှ ငါး၊ အခြားရေနေသတ္တဝါတို့အား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုအား ညစ်ညမ်းစေရန် သက်ရှိသတ္တဝါကိုဖြစ်စေ၊ အရာဝတ္ထုပစ္စည်းတစ်ခုခုကိုဖြစ်စေ ငါးဖမ်းရေယာဉ်ပေါ်မှ စွန့်ပစ်ခြင်းမပြုရ။

၃၇။ မည်သူမျှ စစ်ဆေးရေးမှူးက ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် ငါး၊ ငါးဖမ်းကိရိယာ၊ အခြားပစ္စည်းနှင့် ငွေစသည်များကို ကွယ်ဝှက်ခြင်း သို့မဟုတ် စစ်ဆေးရေးမှူး၏ခွင့်ပြုချက်မရရှိဘဲ စွန့်ပစ်ခြင်းမပြုရ။

## အခန်း (၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၈။ မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်—

(က) ရေယာဉ်မှူးဖြစ်လျှင် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀၀ အထိ ကျခံစေရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက အနည်းဆုံးထောင်ဒဏ် ၁ နှစ်မှ အများဆုံးထောင်ဒဏ် ၂ နှစ်အထိ ကျခံစေရမည်၊

(ခ) ရေယာဉ်အမှုထမ်းဖြစ်လျှင် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀ အထိ ကျခံစေရမည်။ ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက အနည်းဆုံးထောင်ဒဏ် ၃ လမှ အများဆုံးထောင်ဒဏ် ၆ လအထိ ကျခံစေရမည်။

၃၉။ (က) ရေယာဉ်မှူးသည် ပုဒ်မ ၃၂ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်



36. No person shall dispose of from aboard the fishing vessel living creatures or any material to cause pollution of the water media or to harass the fishes and other marine organisms.

37. While the Inspector is examining any fishery, no fish, fishing implement, other material or money shall be concealed or, without his permission, be disposed of.

## CHAPTER X

## Offences and Penalties

38. Whoever is found guilty of the offence prescribed in section 31:—

(*a*) in the case of the Master, he shall be punished with fine, a minimum of kyats 50,000 to a maximum of kyats 100,000. In default of payment of the fine to a term of imprisonment, a minimum of 1 year to a maximum of 2 years.

(*b*) in the case of a member of the crew of the vessel, he shall be punished with fine, a minimum of kyats 5,000 to a maximum of kyats 10,000. In default of payment of the fine to a term of imprisonment, a minimum of 3 months to a maximum of 6 months.

39. (*a*) If the Master is found guilty of one of the offences prescribed in subsection (*a*) or sub-

ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀ အထိ ကျခံစေရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၆ လအထိ ကျခံစေရမည်။

(ခ) ရေယာဉ်မှူးသည် ပုဒ်မ ၃၂ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ကျခံစေရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက အနည်းဆုံးထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ကျခံစေရမည်။

၄၀။ ရေယာဉ်မှူးသည် ပုဒ်မ ၃၃ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံးကျပ် ၁၀၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိ ကျခံစေရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက အနည်းဆုံး ထောင်ဒဏ် ၆ လ မှ အများဆုံး ထောင်ဒဏ် ၁ နှစ် အထိ ကျခံစေရမည်။

၄၁။ ရေယာဉ်မှူးသည် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀ အထိ ကျခံစေရမည်။ ငွေဒဏ် ပေးဆောင်ရန်ပျက်ကွက်ပါက အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၆ လ အထိ ကျခံစေရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀ အထိ ကျခံစေရမည်။ ငွေဒဏ် ပေးဆောင်ရန် ပျက်ကွက်ပါက အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၆ လ အထိ ကျခံစေရမည်။



section (*b*) of section 32 he shall be punished with fine, a minimum of kyats 5,000 to a maximum of kyats 10,000. In default of payment of the fine to a term of imprisonment, a minimum of 3 months to a maximum of 6 months.

(*b*) If the Master is found guilty of the offence prescribed in subsection (*c*), of section 32, he shall be punished with fine, a minimum of kyats 10,000 to a maximum of kyats 50,000. In default of payment of the fine to a term of imprisonment, a minimum of 6 months to a maximum of 1 year.

40. If the Master is found guilty of one of the offences prescribed in subsection (*a*) (*b*) (*c*) (*d*) of section 33, he shall be punished with fine, a minimum of kyats 10,000 to a maximum of kyats 50,000. In default of payment of the fine to a term of imprisonment, a minimum of 6 months to a maximum of 1 year.

41. If the Master is found guilty of an offence prescribed in section 34, he shall be punished with fine, a minimum of kyats 5,000 to a maximum of kyats 10,000. In default of payment of the fine to a term of imprisonment, a minimum of 3 months to a maximum of 6 months.

42. Whoever is found guilty of an offence prescribed in section 35 shall be punished with fine, a minimum of kyats 5,000 to a maximum of kyats 10,000. In default of payment of the fine to a term of imprisonment, a minimum of 3 months to a maximum of 6 months.

၄၃။ မည်သူမဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀ အထိ ကျခံစေရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၆ လအထိ ကျခံစေရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ် ၃၀၀၀ မှ အများဆုံးကျပ် ၅၀၀၀ အထိ ကျခံစေရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက အနည်းဆုံးထောင်ဒဏ် ၁ လမှ အများဆုံး ထောင်ဒဏ် ၃ လအထိ ကျခံစေရမည်။

၄၅။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန်အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရမည်။

## အခန်း (၁၁)

## အထွေထွေ

၄၆။ ဤဥပဒေအရ သီးသန့်စီးပွားရေးဇုန်အတွင်း စူးစမ်းရှာဖွေခြင်း၊ ဖမ်းယူခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် သုတေသနပြုခြင်းတို့နှင့် စပ်လျဉ်း၍ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်စေရမည်။



43. Whoever is found guilty of an offence prescribed in section 36 shall be punished with fine, a minimum of kyats 5,000 to a maximum of kyats 10,000. In default of payment of the fine to a term of imprisonment, a minimum of 3 months to a maximum of 6 months.

44. Whoever is found guilty of an offence prescribed in section 37 shall be punished with fine, a minimum of kyats 3,000 to a maximum of kyats 5,000. In default of payment of the fine to a term of imprisonment, a minimum of 1 month to a maximum of 3 months.

45. Whoever abets, or conspires, or attempts in the commission of an offence under this Law shall be punished with the punishment provided for the offence.

## Chapter XI

## Miscellaneous

46. As regards engaging in exploration, catching, exploitation or research in the exclusive economic zone under this Law it shall be in conformity with section 20 of Territorial Sea and Maritime Zones Law.

၄၇။ ဤဥပဒေအရ ဝန်ကြီးသည် မိမိသဘောအလျောက် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါအမိန့်များကို ချမှတ်နိုင်သည်—

(က) နိုင်ငံခြား ငါးဖမ်းရေယာဉ်အား မြန်မာနိုင်ငံ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) နိုင်ငံတော်အကျိုးငှာ လိုအပ်ပါက ငါးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်အားဆိုင်းငံ့ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အခြားလျော်ကန်သင့်မြတ်သည်ဟု ထင်မြင်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ် ချမှတ်ခြင်း၊ ထုတ်ပြန်ခြင်း။

၄၈။ ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်သောပြစ်မှုကို တရားစွဲဆိုတင်ပို့ရာတွင် ယင်းပြစ်မှုနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ သိမ်းဆည်းရမိသော ငါးများ၊ ရေယာဉ်နှင့် ငါးဖမ်းကိရိယာများ၊ လက်တွေ့တွင် တရားရုံးရှေ့မှောက်သို့ သယ်ယူရန်မလွယ်ကူသော အခြားပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် တင်ပြရန်မလိုဘဲ ယင်းပစ္စည်းများအား မည်သို့စီမံ ဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာဖြင့်သော်လည်းကောင်း၊ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် သော်လည်းကောင်း တရားရုံးသို့ တင်ပြရမည်။

၄၉။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် တရားရုံးက ဒဏ်ငွေချမှတ်ရာတွင် တရားခံသည် နိုင်ငံခြားသားဖြစ်ပါက မြန်မာငွေနှင့်ညီမျှသော အစိုးရကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၅၀။ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း အမိန့်ချမှတ်ပြီးဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံ



47. As regards fishing rights under this Law, the Minister of his own accord may make the following orders :—

(*a*) permitting a foreign fishing vessel to carry on a fishery in Myanmar fisheries waters ;

(*b*) staying, suspending, terminating or canceling a fishing permit or a licence in the interest of the State ;

(*c*) making and issuing any other order or directive that appears to be reasonably suitable in respect of the fishery.

48. When an offence committed under this Law is sent up for trial, things seized in accordance with law such as fish, vessels and fishing implements, other articles which are not practicable to be produced easily before the court are not required to be produced before the court as exhibits ; instead, report or other supporting documents relating to how these articles have been administered shall be submitted to the court.

49. In imposing a punishment of fine by the court for contravening any prohibition contained in this Law, if the accused is a foreigner the fine shall be paid in foreign currency equivalent to the amount in Myanmar currency as determined by the Government.

50. The provision of subsection (*i*) of section 403 of the Criminal Procedure Code to the effect that any

စစ်ဆေးစီရင်ခြင်းမပြုရဟူ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေ ပုဒ်မ ၁၆ အရ ညွှန်ကြားရေးမှူးချုပ်၏ အရေးယူဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံးက ဤဥပဒေအရ ချမှတ်သောအမိန့်သည် ဤဥပဒေ ပုဒ်မ ၁၆ အရ ညွှန်ကြားရေးမှူးချုပ်၏ အရေးယူ ဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှု မရှိစေရ။

၅၂။ မည်သည့်နိုင်ငံခြား ငါးဖမ်းရေယာဉ်မဆို သီးသန့်စီးပွားရေးဇုန် အတွင်းတွင် ဖြစ်စေ၊ လိုင်စင်တွင် ခွင့်ပြုထားခြင်းမရှိသော ရေပြင်တွင် ဖြစ်စေ ဖြတ်သန်းသည့်အခါ ငါးဖမ်းကိရိယာများအားသတ်မှတ်ထားသည့် အတိုင်း သိမ်းဆည်းထားခြင်းမပြုပါက ငါးဖမ်းသည်ဟု မှတ်ယူရမည်။

၅၃။ ပုဒ်မ ၃၁ အရ တရားစွဲဆိုခြင်းခံရသူသည် ယင်းပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၅၄။ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုအတွက် ဦးစီးဌာနက မည်သူ့ကိုမဆို တရားမကြောင်း စွဲဆိုနိုင်သည်။

၅၅။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ် အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အခြားနည်း အရေးယူခြင်း မပြုရ။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံး လုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။



offence for which an order for conviction or acquittal has been passed shall not be tried again, shall not apply to the action taken by the Director-General under section 16 of this Law.

51. Notwithstanding, anything contained in any other law for the time being in force, the sentence passed by any court under this Law shall not affect any action taken by the Director-General under section 16 of this Law.

52. Any foreign fishing vessel while traversing in the exclusive economic zone or in the waters not permitted in the licence shall, unless its fishing implements are stored in the prescribed manner, be deemed to be engaged in fishing.

53. The burden of proof that one is innocent is on the person who is tried under section 31.

54. For the loss suffered arising out of the fishery under this Law, the Department may sue anyone by way of a suit.

55. No suit, prosecution, or other proceeding shall lie against any public servant for anything which is done in good faith in pursuance of this Law.

56. For implementing the provisions of this law, the Ministry:—

(*a*) shall, with the approval of the Government, issue necessary procedures;

(*b*) may issue necessary orders and directives.

၅၇။ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းဆိုင်ရာ ဒေသများလုပ်ကိုင်နိုင်သော အခွင့်အရေး ပေးရေး အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

57. Act Granting the Right to Exploit Deep-Sea Fishing Areas of the Union of Myanmar, 1954 is hereby repealed.

(Sd) SAW MAUNG
GENERAL
*Chairman*
The State Law and Order Restoration Council